ဖြစ်ပါသည်" ဟူသော ဝါဒကို လက်ခံနိုင်ပါမူ သာသနာ ဆုတ်ယုတ်ခြင်း၏ အကြောင်းများကို ဖယ်ရှားဘို့ရာ ရဟန်းတော်များ၏ ကိုယ်ကျင့် သိက္ခာများကို ရှေးစံနစ်အတိုင်း ဖြစ်နိုင်သမျှ ဖြစ်အောင် ကြိုးစားသင့်ပါသည်၊ ဝိနည်းတော်နှင့် မဆန့်ကျင်သော သိပ္ပဝိဇ္ဇာ ဟူသမျှကိုလည်း ရဟန်းတော်များ ကိုယ်တိုင် ငွေကြေး အထောက်အပံ့ မယူဘဲ ရှေးမူအတိုင်း သင်ပေးနိုင်အောင် အချိန်ရှိခိုက် လုံ့လစိုက်သင့်ပါသည်။ [ ဤ ကိစ္စ၌ကား နည်း အမျိုးမျိုးရှိသောကြောင့် ဤနေရာ၌ အသေးစိတ် မပြလိုတော့ပါ။]

၆။ ထို အတိုင်း ကြိုးစားသောအားဖြင့် (ယောကျ်ားကလေးများကို ဘုန်းတော်ကြီးများက သင်ပြ၍ မိန်းကလေးများကို သီလရှင် ဆရာများက သင်ပြပေးနိုင်ကြပါမူ) ဤ မြန်မာနိုင်ငံသည် အဘယ့်ကြောင့် ငြိမ်ငြိမ်သက်သက်နှင့် မတိုးတက်ဘဲ ရှိအံ့နည်း၊ သာသနာ့အရှိန်အဝါသည် အဘယ်မှာလျှင် ဤနိုင်ငံတော်နှင့် ကွဲကွာနိုင်ပါတော့အံ့နည်း။

၇။ ဤသို့ နိုင်ငံနှင့်သာသနာတော် တိုးတက်ရာတိုးတက်ကြောင်းများတွင် ရဟန်းတော်များ၏ ကိုယ်ကျင့်သိက္ခာ တည်တံ့ ခိုင်မြဲရေးလည်း အပါအဝင် ဖြစ်သောကြောင့် ရှေးဆရာတော်ကြီးများသည် သာမဏေ ကိုရင်ဖြစ်သည်မှစ၍ ကျင့်ကြရမည့် သိက္ခာစုကို "ရှင်ကျင့်ဝတ်"ဟု အမည်သမုတ်၍ ဖော်ထုတ်ညွှန်ပြတော်မူခဲ့ကြပေသည်။